# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်


**စိုက်ပျိုးရေးမိုးလေဝသစာစောင်**
**၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်**
**နေပြည်တော် (၁-၇-၂၀၂၅)**

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ) ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)












## ၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ) ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ လပတ်နှင့် (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်း ဆန်းစစ်ဖော်ပြအပ်ပါသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

(၂၆-၆-၂၀၂၅)ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်)ကမ်းရိုးတန်းတို့၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် (၂၇-၆-၂၀၂၅)ရက်နေ့တွင် အိန္ဒိယနိုင်ငံ(ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့တွင် အားလျော့သွားခဲ့ပါသည်။ (၂၉-၆-၂၀၂၅)ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်ခဲ့သောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိလျက်ရှိပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းခဲ့ပါသည်။

### မိုးရွာသွန်းမှုအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဇွန်လ (တတိယ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ဇွန်လ (တတိယ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဇွန်လ (တတိယ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်***- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ခန္တီးမြို့)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်(ပူတာအိုမြို့)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၉)ရက်မှ (၁၀)ရက်၊ နေပြည်တော်(ပျဉ်းမနားမြို့)၊ မကွေးတိုင်းဒေသကြီး(အောင်လံမြို့)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် (၆)ရက်မှ (၇)ရက်၊ မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်မြို့)တွင် (၄)ရက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် မိုးအနည်းငယ် ရွာသွန်းခဲ့ပါသည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ထက် (၃)ဒီဂရီဖာရင်ဟိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့အောက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း (***ညအပူချိန်***) အခြေအနေများမှာ– စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇွန်လ (တတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ မကွေးတိုင်းဒေသကြီးတွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ထက် (၃)ဒီဂရီဖာရင်ဟိုက်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ကချင်ပြည်နယ်တွင် ဇွန်လ (တတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၁၁)ဒီဂရီဖာရင်ဟိုက်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၆)ဒီဂရီဖာရင်ဟိုက်မှ (၇)ဒီဂရီဖာရင်ဟိုက်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် (၅)ဒီဂရီဖာရင်ဟိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း (***လေထုစိုထိုင်းဆ***) အခြေအနေများမှာ– မန္တလေးတိုင်းဒေသကြီးတွင် (၆၉% )၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် (၇၄%)မှ (၈၅%)အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၈၆%)မှ (၉၇%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ– ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁၆ မီလီမီတာ)မှ (၂၆ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၂၇ မီလီမီတာ)မှ (၃၆ မီလီမီတာ) အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (၃၇ မီလီမီတာ)မှ (၄၇ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေရှိပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း (***မြေဆီလွှာစိုစွတ်မှု***)အခြေအနေများမှာ– နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်) အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

# ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ လပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ– ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်– ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၃ ရက် မှ ၂၆ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၁၅ ရက် မှ ၂၂ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

# ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ– နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

# မိုးရွာရက်

မိုးရွာရက်အနေဖြင့်– နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက် မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

နောက်ဆက်တွဲ(က)

## ၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှ ကွာဟချက် | မိုးရွာရက် | အမြင့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၅၄ | -၁၇ | ၇ | ၈၇ | -၀.၆ | ၆၅ | -၁၁.၃ | ၉၀ | -၀.၆ | ၃၃ | ၇.၄ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၁၁၉ | ၆၂ | ၆ | ၇၄ | ၁.၀ | ၅၅ | -၆.၀ | ၉၀ | -၀.၄ | ၂၆ | ၄.၆ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၁၁၆ | ၁၅၅ | ၇ | ၈၅ | -၁.၅ | ၇၃ | ၀.၆ | ၉၁ | ၁၁.၄ | ၂၅ | -၁၀.၉ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၄၂ | -၁၄ | ၆ | ၇၅ | -၁.၃ | ၆၄ | -၀.၅ | ၉၁ | ၅.၉ | ၂၁ | -၅.၂ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၈၇ | ၁၁၁ | ၆ | ၈၆ | -၁.၂ | ၇၂ | ၁.၄ | ၉၀ | ၁၂.၁ | ၂၇ | -၁၁.၅ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၃၁ | -၂၀ | ၆ | ၈၃ | -၀.၆ | ၆၈ | -၁.၆ | ၈၈ | ၄.၅ | ၂၈ | -၂.၇ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၄၄၂ | ၃၂ | ၁၀ | ၈၄ | -၀.၈ | ၇၄ | -၀.၃ | ၉၃ | ၀.၁ | ၁၉ | -၀.၇ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၃၉၇ | ၁၆ | ၉ | ၈၅ | -၀.၁ | ၇၅ | ၀.၂ | ၉၂ | ၀.၀ | ၂၂ | -၀.၃ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၅၃၄ | ၂၆ | ၁၀ | ၈၅ | -၀.၃ | ၆၈ | -၇.၄ | ၉၀ | -၀.၆ | ၂၉ | ၆.၁ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၅၂ | -၂၀ | ၅ | ၉၁ | ၀.၇ | ၇၇ | ၁.၆ | ၈၆ | ၀.၆ | ၃၃ | -၁.၅ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | Trace | -၁၀၀ | ၀ | ၉၆ | ၀.၂ | ၈၀ | ၀.၈ | ၆၉ | -၁.၀ | ၄၇ | -၀.၆ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၄၅၈ | ၅၃၅ | ၈ | ၈၉ | -၂.၂ | ၇၁ | -၄.၆ | ၉၅ | ၁၃.၂ | ၂၅ | -၁၃.၀ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၁ | -၉၃ | ၀ | ၉၆ | -၁.၆ | ၇၉ | ၀.၀ | ၇၄ | -၀.၂ | ၄၆ | -၂.၈ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၈ | -၅၁ | ၄ | ၉၄ | ၁.၆ | ၇၆ | ၂.၆ | ၈၀ | -၀.၈ | ၄၁ | ၀.၁ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၉၇ | -၆၂ | ၁၀ | ၈၆ | -၀.၇ | ၇၂ | -၀.၉ | ၉၀ | ၀.၁ | ၂၇ | -၀.၂ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၁၃၅ | ၉ | ၉ | ၈၈ | ၀.၅ | ၇၄ | -၁.၀ | ၉၂ | ၃.၀ | ၂၆ | -၁.၄ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၁ | -၂ | ၄ | ၈၈ | -၀.၆ | ၇၄ | -၁.၈ | ၈၇ | ၁.၂ | ၃၀ | ၀.၀ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၂၄၃ | ၂၄ | ၉ | ၈၈ | ၀.၀ | ၇၆ | ၂.၀ | ၈၂ | -၆.၅ | ၃၁ | ၂.၇ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁၉၇ | ၀ | ၁၀ | ၉၁ | ၃.၃ | ၇၃ | -၂.၁ | ၈၅ | -၅.၃ | ၃၅ | ၁၀.၄ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၂၈၅ | -၂၁ | ၁၀ | ၈၅ | ၀.၁ | ၇၃ | -၀.၃ | ၉၇ | ၄.၅ | ၁၆ | -၅.၅ |

**Trace – မိုးရွာသော်လည်း တိုင်းထွာရေတွက်နိုင်သော မိုးရေချိန်ပမာဏမရှိပါ။**
**မိုးရေချိန်(–၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**
**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

**နောက်ဆက်တွဲ(ခ)**

## ၂၀၂၅ ခုနှစ်၊ ဇွန်လ (တတိယ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၅၄ | ၃၃ | ၃၃ | ၁၀၀ | ၁၂၁ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၁၁၉ | ၂၆ | ၂၆ | ၁၀၀ | ၉၃ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၁၁၆ | ၂၅ | ၂၅ | ၁၀၀ | ၄၄ | ၀ | ပြည့်ဝ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၄၂ | ၂၁ | ၂၁ | ၁၀၀ | ၂၁ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၈၇ | ၂၇ | ၂၇ | ၁၀၀ | ၆၀ | ၀ | ပြည့်ဝ |
| ၆။ | ကယားပြည်နယ် | ၃၁ | ၂၈ | ၂၈ | ၁၀၀ | ၃ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၄၄၂ | ၁၉ | ၁၉ | ၁၀၀ | ၄၂၃ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၃၉၇ | ၂၂ | ၂၂ | ၁၀၀ | ၃၇၅ | ၀ | ပြည့်ဝ |
| ၉။ | ရခိုင်ပြည်နယ် | ၅၃၄ | ၂၉ | ၂၉ | ၁၀၀ | ၅၀၅ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၅၂ | ၃၃ | ၃၃ | ၁၀၀ | ၁၉ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | Trace | ၄၇ | ၄၇ | ၃၃ | ၀ | ၀ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၄၅၈ | ၂၅ | ၂၅ | ၁၀၀ | ၄၃၃ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၁ | ၄၆ | ၄၆ | ၅၅ | ၀ | ၀ | စိုစွတ် |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၁၈ | ၄၁ | ၄၁ | ၇၇ | ၀ | ၀ | စိုစွတ် |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၉၇ | ၂၇ | ၂၇ | ၁၀၀ | ၇၀ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၃၅ | ၂၆ | ၂၆ | ၁၀၀ | ၁၀၉ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၉၁ | ၃၀ | ၃၀ | ၁၀၀ | ၆၁ | ၀ | ပြည့်ဝ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၂၄၃ | ၃၁ | ၃၁ | ၁၀၀ | ၂၁၂ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၇ | ၃၅ | ၃၅ | ၁၀၀ | ၁၆၂ | ၀ | ပြည့်ဝ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၂၈၅ | ၁၆ | ၁၆ | ၁၀၀ | ၂၆၉ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံးအပူချိန် | အနိမ့်ဆုံးအပူချိန် | ပျမ်းမျှအပူချိန် | စိုထိုင်းဆ | ပင်ငွေ့ရေငွေ့ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီဖာရင်ဟိုက် | ဒီဂရီဖာရင်ဟိုက် | ဒီဂရီဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၇ | ၇၆ | ၈၂ | ၉၁ | ၂၄ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၃ | ၆၁ | ၆၇ | ၉၁ | ၂၁ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၆ | ၇၂ | ၇၉ | ၈၁ | ၃၃ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၆ | ၆၅ | ၇၀ | ၈၆ | ၂၅ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၆ | ၇၀ | ၇၈ | ၈၁ | ၃၆ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၃ | ၆၉ | ၇၆ | ၈၅ | ၂၄ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၈၅ | ၇၄ | ၈၀ | ၉၃ | ၂၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၈၅ | ၇၅ | ၈၀ | ၉၁ | ၂၂ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၅ | ၇၆ | ၈၀ | ၉၂ | ၂၁ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၈၉ | ၇၅ | ၈၂ | ၈၆ | ၃၂ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၆ | ၈၀ | ၈၈ | ၇၁ | ၄၈ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၉၀ | ၇၅ | ၈၃ | ၈၃ | ၃၆ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၈ | ၇၉ | ၈၉ | ၇၄ | ၅၀ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၄ | ၈၃ | ၈၁ | ၄၁ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၇ | ၇၃ | ၈၀ | ၉၀ | ၂၇ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၈၇ | ၇၅ | ၈၁ | ၉၀ | ၂၆ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၈၉ | ၇၆ | ၈၂ | ၈၇ | ၂၉ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၈၇ | ၇၃ | ၈၀ | ၈၉ | ၂၈ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈၇ | ၇၅ | ၈၁ | ၉၁ | ၂၅ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၈၅ | ၇၃ | ၇၉ | ၉၃ | ၂၂ |